မြန်မာနိုင်ငံ ဗိသုကာကောင်စီ
MYANMAR ARCHITECT COUNCIL
228-234, Bogyoke Aung San Road, Yangon, The Republic of the Union of Myanmar.
E-mail : info@mac.org.mm, Web: www.mac.org.mm
Ph : (959) 782 120 543 / (959) 265 465 884

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံဗိသုကာကောင်စီ**
**ဗိသုကာမှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ**
**ကြေညာချက်အမှတ် ( ၅/၂၀၂၄ )**
**၂၀၂၄ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်**

**"အကြီးတန်းလိုင်စင်ဗိသုကာ( Senior License Architect- SLA) လျှောက်လွှာများ ခေါ်ယူခြင်း"**

မြန်မာနိုင်ငံဗိသုကာကောင်စီသည် ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ အကြီးတန်းလိုင်စင်ဗိသုကာ (Senior License Architect – SLA) များ ထုတ်ပေးမည်ဖြစ်ပါသောကြောင့် အောက်ပါ အချက်များနှင့် ကိုက်ညီသူများ လျှောက်လွှာတင်သွင်း လျှောက်ထားနိုင်ပါသည်။

၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။ လက်ရှိ မြန်မာနိုင်ငံတွင် အခြေချနေထိုင်သူဖြစ်ရမည်။

၂။ Licensed Architect (LA) ဖြစ်ရမည်။ (LA) သက်တမ်း (၅)နှစ် ပြည့်မီပြီးသူဖြစ်ရမည်။

၃။ LA နှစ်စဉ်ကြေးများကို ၂၀၂၄ ခုနှစ်အထိ သွင်းပြီးဖြစ်ရမည်။ လျှောက်ထားခဲ့သော SLA ရရှိခဲ့ပါက (၂၀၂၅+၂၀၂၆) အတွက် သတ်မှတ်ထားသော နှစ်စဉ်ကြေးများကို ဆက်လက်ပေးသွင်းရမည် ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလတွင် Online Form မှ တဆင့် လျှောက်လွှာ တင်သွင်းရမည်ဖြစ်ပါသည်။ Online Form တင်သွင်းရမည့် website Link ကို ထပ်မံကြေညာ ပေးပါမည်။ ဒီဇင်ဘာလအတွင်း ကြိုတင်၍ လျှောက်လွှာတင်သွင်းလိုသူများ ရှိပါက မြန်မာနိုင်ငံ ဗိသုကာကောင်စီရုံးခန်းသို့ (တနင်္လာ၊ အင်္ဂါ ) နံနက် (၁၀) နာရီမှ နေ့လယ်( ၃) နာရီထိ ရုံးချိန် အတွင်း လျှောက်လွှာ လာရောက်ထုတ်ယူနိုင်ပါသည်။

၅။ SLA လျှောက်လွှာတင်သွင်းသည့်အချိန်တွင် Registration Fees – 60000 ကျပ်ကို တစ်ပါတည်း ပေးသွင်းရမည် ဖြစ်ပါသည်။ Myanmar Architect Council- AYA Mobile Banking (200 18803438) သို့ ပေးသွင်း ရမည်ဖြစ်ပြီး ငွေသွင်းအထောက်အထား ဖြတ်ပိုင်းပုံ (သို့) screenshot photo များကို online form တင်ရာတွင် ပူးတွဲတင်ပေးရမည် ဖြစ်ပါသည်။

၆။ လျှောက်လွှာများကို (၁၉.၁.၂၀၂၅) ရက်နေ့ထက် နောက်မကျစေဘဲ တင်သွင်းရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံဗိသုကာကောင်စီ၏ ဗိသုကာမှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီသည် ဗိသုကာ လိုင်စင် အရည်အချင်းစစ် စာမေးပွဲကို အဆင့် (၂)ဆင့်ဖြင့် ပြုလုပ်စစ်ဆေးသွားမည်ဖြစ်သည်။

(၁) လုပ်ငန်းအတွေ့အကြုံနှင့် Project Reference တင်ပြခြင်း

(၂) လူတွေ့ စစ်ဆေးခြင်း (Interview) တို့ဖြစ်ပါသည်။

**ပထမအဆင့် လုပ်ငန်းအတွေ့အကြုံနှင့် Project Reference တင်ပြခြင်း**

(က) မိမိကိုယ်တိုင် ပုံစံထုတ်လုပ်ပြီး ပြီးဆုံးသည်အထိ တာဝန်ခံလုပ်ဆောင်ခဲ့သော Public Building Project (၃)ခု တင်ပြရပါမည်။ Project များသည် ပြည်တွင်း၊ ပြည်ပတွင် ဆောက်လုပ်ပြီးစီးသည့် Project များဖြစ်ရပါမည်။အဆောက်အဦ၏ အတွင်းပြုပြင်မွမ်းမံသော Project မဖြစ် ရပါ။

(ခ) ထို Project များတွင် ကိုယ်တိုင် ကိုယ်ကျပါဝင်ခဲ့ရကြောင်း ဝန်ခံချက်

(ဂ) ထို Project များတွင် ဗိသုကာတစ်ဦးအနေနှင့် မည်ကဲ့သို့တာဝန်ယူဆောင်ရွက်ခဲ့ရပုံ အကြောင်း အသေးစိတ်ရှင်းလင်းချက်

**ဒုတိယအဆင့် လူတွေ့ စစ်ဆေးခြင်း(Interview)**

ပထမအဆင့်လျှောက်လွှာတင်သွင်းပြီးလျှင် ဗိသုကာမှတ်ပုံတင်စိစစ်ရေး လုပ်ငန်းကော်မတီက စိစစ်ပြီးနောက် ဒုတိယအဆင့် လူတွေ့စစ်ဆေးခြင်း (Interview) ကို မြန်မာနိုင်ငံဗိသုကာကောင်စီမှ တာဝန်ပေးအပ်ထားသော စစ်ဆေးရေး အဖွဲ့ဝင်များထံတွင် ဖြေဆိုရမည်။

၇။ လူတွေ့ဖြေဆိုရမည့်နေ့ရက်များကို အသေးစိတ်ထပ်မံ ကြေညာသွားမည်ဖြစ်ပါသည်။

၈။ အကြီးတန်းလိုင်စင်ဗိသုကာ(SLA) လျှောက်ထားခြင်းဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ဖုန်း - ၀၉ ၇၉၇ ၄၈၈၄၄၅၊ ၀၉ ၉၈ ၂၂၆၃၁၁၈ ၊ Email- myanmarchitectscouncil@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဗိသုကာမှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ**
**မြန်မာနိုင်ငံဗိသုကာကောင်စီ**

စာအမှတ်။ မဗကစ/ ၂၀၂၄ / ကည ( ၀၅ )

ရက်စွဲ ။ ၁၄ ရက် ဒီဇင်ဘာလ ၂၀၂၄ ခုနှစ်

ဖြန့်ဝေခြင်း

လိုင်စင်ဗိသုကာ(LA)များအားလုံး

MAC Facebook Page

MAC Website

မိတ္တူကို

ရုံးလက်ခံ